ဖိုကိုလာရေလှုပ်ရှားမှု

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဇန်နဝါရီလ ၂၀၁၆

## “သခင်၏ချီးမွမ်းထိုက်သောအမှုတော်တို့ကို ကြေညာဟောပြောကြလိမ့်မည်ဖြစ်၏ ” (၁ပေ၂း၉)

ဘုရားသခင်သည် ကြီးမြတ်သောအရာများစွာ ကိုလုပ်ဆောင်တော်မူခဲ့သည်။ စကြဝဠာကြီးအား ဖန်ဆင်းတော်မူပြီးသည်နောက် ကိုယ်တော်ရှင်က ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏ ”(ကမ္ဘာဦး၁း၂၅)။ အမှန်ကား လူယောကျ်ားနှင့် လူမိန်းမကိုဖန် ဆင်းပြီးနောက် ဖန်ဆင်းသမျှသောအရာတို့ကို ကြည့်ရှုလျှင် အလွန်ကောင်းသည်ကို မြင်တော်မူ၍ သူတို့အားယုံကြည်ပေးအပ်နေခြင်းဖြစ် ပါသည်(ကမ္ဘာဦး၁း၃၁တွင်ရှု)။ သို့သော် ဘုရားသခင်၏လုပ်ဆောင်မှုအရာရာပြီးပြည့်စုံစေရန် သခင်ယေရှုက လုပ်ဆောင်ခဲ့ပါသည်။ သူ၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကမ္ဘာသစ်နှင့် လူသစ် တို့ကို သူသည် ဖန်တီးခဲ့ပါသည်။ သခင်ယေရှုက ထိုသူတို့အား ကောင်းကင်နိုင်ငံတော်၊ စစ်မှန်သော ပေါင်းစည်း ညီညွတ်မှု၊ အပြန်အလှန်လက်ခံကြိုဆိုခြင်းနှင့် တစ်ဦးနှင့်တစ်ဦးဝေမျှခြင်း၊ မိမိကိုယ်ကိုပေးဆက်ခြင်းတည်းဟူသော အသက်တာကိုပေးဆက်ခဲ့ပါသည်။ ရှင်ပေတရုရေးသောစာက ရှေးဦးခရစ်ယာန်တို့အား ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် သူတို့အား ရွေးချယ်ခြင်းခံရသောလူမျိုး၊ မင်းမျိုးမင်းနွယ်၊ ရဟန်းမျိုး၊ ဘုရား သခင်ပိုင်ဆိုင်သောလူမျိုးဖြစ်ကြောင်းကို (၁ပေ ၂း၉ တွင်ရှု)သိနားလည်လာအောင် ထောက်အကူပြုခဲ့ပါသည်။

အကယ်၍ ရှေးဦးခရစ်ယာန်များနည်းတူ ကျွန်ုပ်တို့သည်မည်သူဖြစ်ကြောင်း၊ ကျွန်ုပ်တို့အပေါ်၊ ကျွန်ုပ်တို့အချင်းချင်းအကြား၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ဘုရားသခင်၏ သနားခြင်းကရုဏာ မည်မျှကြီးမားကြောင်း အပြည့်အဝသတိပြုမိလာခဲ့ကြပါလျှင် ကျွန်ုပ်တို့အံ့ဩမိကြပါလိမ့်မည်။ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းကိုသိမ်းမထားနိုင်ဘဲ “ဘုရားသခင်၏ ကြီးမြတ်လှသောလုပ်ဆောင်မှုများကို ကြွေးကြော်ရန်” အခြားသူများသို့လည်း ဝေမျှရန်လိုအပ်ကြောင်း ခံစားလာမိပေလိမ့်မည်။

အကယ်၍ ကျွန်ုပ်တို့သာ တစ်ဦးနှင့်တစ်ဦးသီးခြားနေကြမည်ဆိုလျှင် သခင်ယေရှုဆောင်ယူလာခဲ့သော လူ့ဘောင်အသိုင်းအဝိုင်းအတွင်း ဆက်ဆံရေးပုံစံသစ်များ၏အလှတရားကို ထိရောက်စွာသက်သေခံနိုင်ဖို့

ဆိုသည်မှာ ခက်ခဲသည် သို့မဟုတ် မဖြစ်နိုင်ဟုထင်ရသည်။ ယင်းသို့ဖြစ်တတ်သည့်အတွက် ရှင်ပေတရုက လူသားတိုင်းကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကန့်လန့်တိုက် တတ်သူ၊ ထောက်ခံအားပေးသူ သို့မဟုတ် တစ်ယောက်နှင့်တစ်ယောက် လုံးဝမတူညီသူအဖြစ် မိမိကိုယ်ကို မဖေါ်ပြနိုင်ဘဲ ဘုရားသခင်က လူသစ်တွေကိုဖန်ဆင်းခဲ့ပြီး ကျွန်ုပ်တို့အား အတ္တစွဲ၊ အမုန်းတရား၊ ခါးသီးမှုတို့မှ လွတ်မြောက်စေကာ အပြန်အလှန်ချစ်ခြင်းမေတ္တာထားခြင်းအား ဥပဒေသတစ်ရပ်အဖြစ်ပြု၍ ကျွန်ုပ်တို့အား နှလုံးသားတစ်ခုတည်း၊ ဝိညာဉ်တစ်ခုတည်းဖြစ်အောင်ပြုသည်ဟု ကြွေးကြော်ရပေမည်။ ခရစ်ယာန်ဘာသာဝင်များအကြားတွင် တွေးတောယူဆပုံများ၊ အစဉ်အလာများ၊ ယဉ်ကျေးမှုများမတူညီကြသည်မှာ အမှန်ပင်ဖြစ်သော်လည်း ထိုကွဲပြားမှုများကို လေးစားမှု၊ အသိအမှတ်ပြုမှုတို့ဖြင့် ကြိုဆိုရမည်ဖြစ်ပြီး အဆိုပါကြီးမားလှသည့် အမျိုးစုံလင်မှု၏အလှတရားကို အသိအမှတ်ပြုခြင်းနှင့် စည်းလုံးခြင်းဟူသည် တစ်ပုံစံတည်းဖြစ်အောင်ပြုလုပ်ခြင်း မဟုတ်ကြောင်းကို သတိပြုရပေမည်။

ဤသည်ကား ခရစ်ယာန်များစည်းလုံးခြင်းအတွက် ဆုတောင်းရာရက်သတ္တပတ် (ဇန်နဝါရီလ ၁၈ မှ ၂၅ ရက်) ကာလအတွင်းနှင့် တစ်နှစ်ပတ်လုံး ကျွန်ုပ်တို့လိုက်လျှောက်ကြမည့် ခရီးလမ်းပင်ဖြစ်သည်။ အသက်ပေးသည့်နှုတ်တော်ထွက်စကားက မတူကွဲပြားသောအသင်းတော်အသိုင်းအဝိုင်းများအကြား အချင်းချင်းပိုမိုသိရှိလာစေရန်နှင့် ဘုရားသခင်၏အံ့ဩဘွယ်လုပ်ဆောင်ချက်များကို အချင်းချင်းပြောပြကြရန် ဖိတ်ခေါ်လျက်ရှိပါသည်။ ဤနည်းအားဖြင့် ထိုလုပ်ဆောင်ချက်များကို ကျွန်ုပ်တို့သည် အမှန်တကယ်ကြွေးကြော်နိုင်မှာဖြစ်သလို ကျွန်ုပ်တို့၏မတူကွဲပြားမှုများ၌ အချင်းချင်းအခိုင်အမာပံ့ပိုးကြလျက် တစ်လုံးတစ်တည်းရှိကြောင်းကို သက်သေပြနေမည်ဖြစ်သည်။

ကယားရာလူးဘစ်က အောက်ဖေါ်ပြပါစကားစုအားဖြင့် ကျွန်ုပ်တို့အားကြီးမားလှသည့် စွမ်းအားဖြင့် အားပေးတိုက်တွန်းခဲ့ပါသည်။

ချစ်ခြင်းမေတ္တာသည် ကမ္ဘာမြေပေါ်တွင်အစွမ်းအထက်ဆုံးဖြစ်သည်။ ယင်းက ခရစ်ယာန်တို့၏ငြိမ်းချမ်းသောပြောင်းလဲမှုပင်ဖြစ်ပြီး လူတိုင်း လွတ်လပ်စွာကျင့်ကြံနိုင်သည်။ သို့ဖြစ်၍ ယနေ့ခေတ်လူတို့အနေဖြင့် ရာစုနှစ်ပေါင်းများစွာက ရှေးဦးခရစ်ယာန်တို့ပြောကြားခဲ့သည့်အတိုင်း “ကျွန်ုပ်တို့သည် မနေ့ကမှမွေးဖွားခဲ့ပြီး ကမ္ဘာတစ်ခွင်လုံးသို့ပြန့်နှံ့ခဲ့လေပြီ” ဟု ပြန်ပြီးပြောဆိုနိုင်ပါသည်။

ချစ်ခြင်းမေတ္တာသည် ကမ္ဘာလောကကြီးတွင်သာမက ကျွန်ုပ်တို့ခရစ်ယာန်များတွင်လည်း အလိုအပ်ဆုံးသောအရာပင်ဖြစ်၏။

အသင်းတော်ဂိုဏ်းဂနအသီးသီးမှ ကျွန်ုပ်တို့ခရစ်ယာန်များစုပေါင်းလိုက်လျှင် အရေအတွက်မှာ ၁၀ သန်းကျော်ရှိပါသည်။ ထိုမျှလောက်သောအရေအတွက်ပမာဏမှာ ထင်သာမြင်သာရှိသင့်သည်။ သို့သော်

ကျွန်ုပ်တို့သည် ကွဲပြားလျက်နေကြသောကြောင့် အတော်များများက ကျွန်ုပ်တို့ကိုမမြင်ကြပါ၊ သို့မဟုတ် ကျွန်ုပ်တို့အားဖြင့် သခင်ယေရှုကို မမြင်ကြပါ။

ကိုယ်တော်က "သင်တို့အချင်းချင်းချစ်ကြလျှင် လူခပ်သိမ်းတို့သည် ထိုချစ်ခြင်းမေတ္တာကိုထောက်၍ ငါ၏တပည့်များဖြစ်ကြောင်းကို သိကြလိမ့်မည်"(ယောဟန်၁၃း၃၅) ဟုမိန့်တော်မူခဲ့ရာ အပြန်အလှန်ထားရှိသောချစ်ခြင်းမေတ္တာ၊ စည်းလုံးညီညွတ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် သူ၏တပည့်များဖြစ်ကြောင်း၊ ကျွန်ုပ်တို့အားဖြင့် ကမ္ဘာကြီးက သူ့အား အသိအမှတ်ပြုနိုင်မည်ဖြစ်သည်။

ယနေ့ကျွန်ုပ်တို့ကမ္ဘာကြီးသည် ချစ်ခြင်းမေတ္တာ၊ စည်းလုံးခြင်း၊ သိုက်သိုက်ဝန်းဝန်းနှင့် ပေါင်းစည်းညီညွတ်ရေးအတွက် ကျွန်ုပ်တို့တစ်ဦးချင်းစီအားတောင်းဆိုနေပါသည်။

ထို့ပြင် အသင်းတော်များကိုလည်း ရာစုနှစ်ပေါင်းများစွာကွဲပြားခဲ့ရသောစည်းလုံးမှုကို ပြန်လည်တည်ဆောက်ကြဖို့လည်းတောင်းဆိုနေပါသည်။

*Fabio Ciardi* တည်းဖြတ်သည်။